# ဥပဒေနှင့် ညီညွတ်မှုမရှိခြင်း နှင့် တရားဝင်မှုမရှိခြင်း - မြန်မာစစ်တပ်အနေဖြင့် မြန်မာနိုင်ငံ၏ အစိုးရအဖြစ် ပြောဆိုမှုနှင့် နိုင်ငံတကာ၏ တုံ့ပြန်မှုသဘောထားကို ဆန်းစစ်လေ့လာခြင်း

UNITED NATIONS HUMAN RIGHTS SPECIAL PROCEDURES
SPECIAL RAPPORTEURS, INDEPENDENT EXPERTS & WORKING GROUPS

မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်

ဇန်နဝါရီ ၂၀၂၃

## မြန်မာ အာဏာသိမ်းစစ်အုပ်စုသည် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရ မဟုတ်ပါ

မည်သည့်စံနှုန်းဖြင့် ချိန်ထိုးသုံးသပ်စေကာမူ **အာဏာသိမ်းစစ်အုပ်စု (နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ SAC) သည် တရားဝင်အစိုးရတစ်ရပ် မဟုတ်သကဲ့သို့ ၎င်းကို ထိုသို့ အသိအမှတ်ပြုခြင်း၊ သို့မဟုတ် အစိုးရအဖြစ် သတ်မှတ်၍ ကူးလူးဆက်ဆံခြင်းတို့ ဆောင်ရွက်ခြင်း မပြုသင့်ပါ။** SAC အနေဖြင့် နိုင်ငံကို ထိရောက်စွာ ထိန်းချုပ်နိုင်စွမ်း မရှိသည့်အပြင် ဒီမိုကရေစီနည်းကျ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေနည်းကျ တရားဝင်မှုကို ပိုင်ဆိုင်ထားခြင်းမရှိသည့် အလျောက် မြန်မာပြည်သူများအတွက် တရားဝင် ကိုယ်စားလှယ်အစိုးရအဖြစ် တာဝန်ယူ ဆောင်ရွက်ပိုင်သည့်အခွင့်မရှိပါ။

SAC အနေဖြင့် ၎င်းသည် တရားဝင်မှုရှိကြောင်း ဝါဒဖြန့်မှုများ ဆောင်ရွက်ခြင်းကို အခွင့်အရေးရသည့် အခြေအနေတိုင်းတွင် တားဆီးပိတ်ပင်ရန်၊ SAC က အစီအစဉ် ရေးဆွဲချမှတ်ထားသည့် အတုအယောင် ရွေးကောက်ပွဲကို လက်မခံရန်၊ မဟာဗျူဟာ ကျပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည့် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ကာ အကောင်အထည်ဖော်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်း၍ ဆောင်ရွက်ရန်၊ မြန်မာပြည်သူများအတွက် ထိရောက်လုံလောက်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် အထောက်အပံ့များ ပေးအပ်ရန်၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို မြန်မာပြည်သူများ၏ တရားဝင်ကိုယ်စားလှယ်အစိုးရအဖြစ် အသိအမှတ်ပြုရန်နှင့် NUG နှင့် ဒီမိုကရေစီအရေးလှုပ်ရှားမှုကို ထောက်ပံ့ကူညီဆောင်ရွက်နေသည့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများအတွက် အကူအညီနှင့် အထောက်အပံ့များ ပေးအပ်ရန်အတွက် အထူးကိုယ်စားလှယ်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းထားပါသည်။

> **“SAC ၏ စစ်အာဏာ သိမ်းမှုသည် ဥပဒေနှင့် လျော်ညီမှုမရှိဘဲ ၎င်း အနေဖြင့် မြန်မာနိုင်ငံ၏ အစိုးရအဖြစ် ပြောဆိုခြင်းသည် တရားဝင်မှု မရှိပါ။”**




ဓာတ်ပုံ - ရန်ကုန်တွင် အမျိုးသားညီညွတ်ရေး အစိုးရ အားပေးထောက်ခံသူများက အာဏာသိမ်း စစ်အုပ်စု ဆန့်ကျင်ရေး နဖူးစည်းစာတန်းကို ကိုင်ဆွဲ၍ ချီတက်နေစဉ်၊ ဩဂုတ် ၂၀။
© Radio Free Asia

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားဝင်မှု

**“နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ဖွဲ့စည်းထားသောကြောင့် ၎င်း၏ တရားဝင်မှုကို မေးခွန်းထုတ်ဖွယ် မရှိပေ” ဟူသည့် SAC ၏ ဖော်ပြချက်သည် လုံးလုံးလျားလျား မှားယွင်းပါသည်။**

စစ်တပ်သည် သမ္မတ ဦးဝင်းမြင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ မဟုတ်ဘဲ ရာထူးမှ ဖယ်ရှားကာ စစ်တပ်က ခန့်အပ်ထားသည့် ရွေးကောက်ခံမဟုတ်သော ဒု-သမ္မတအား ယာယီသမ္မတအဖြစ် ခန့်အပ်ခြင်းဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်။ ဥပဒေနှင့်အညီ ခန့်အပ်ထားသည့် ရွေးကောက်ပွဲအရာရှိများနှင့် မှန်ကန်စွာ ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်အနေဖြင့် စစ်တပ်၏ သက်သေသက္ကာယမရှိသော မဲလိမ်လည်မှုဆိုင်ရာစွပ်စွဲ ဖော်ပြချက်များကို ဆက်လက်စုံစမ်းစစ်ဆေးရန် ငြင်းဆိုခြင်းသည် “အချုပ်အခြာအာဏာ ဆုံးရှုံးမှု ဖြစ်ပေါ်စေနိုင်သည်” ဟူသည့် SAC ၏ ဖော်ပြချက်သည် အခြေအမြစ် မရှိပေ။

## ဒီမိုကရေစီနည်းကျ တရားဝင်မှု

SAC သည် ဒီမိုကရေစီနည်းကျ တရားဝင်မှုရှိကြောင်း၊ တစ်နည်းဆိုရသော် ရွေးကောက်ပွဲမှတစ်ဆင့် ဖော်ပြသည့် ပြည်သူလူထု၏ ဆန္ဒကို ကိုယ်စားပြုကြောင်း မည်သည့်နည်းဟန်ဖြင့်မျှ ဖော်ပြပိုင်ခွင့် မရှိပေ။ **အာဏာသိမ်း စစ်အုပ်စု၏ ခေါင်းဆောင် မင်းအောင်လှိုင်သည် အစိုးရ ရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ဖူးခြင်း မရှိသကဲ့သို့ စစ်တပ်၏ ရုပ်သေးနိုင်ငံရေးပါတီ ဖြစ်သော USDP သည်လည်း ပြည်ထောင်စုလွှတ်တော်ရှိ အမတ်ရာထူး ၄၇၆ နေရာအတွက် ယှဉ်ပြိုင်ရာတွင် ၃၃ နေရာကိုသာလျှင် အနိုင်ရရှိခဲ့သည်။**

မြန်မာပြည်သူလူထုက ရွေးကောက်ပွဲမှတစ်ဆင့် ဆန္ဒပြု၍ နိုင်ငံကို စီမံအုပ်ချုပ်ရန် လုပ်ပိုင်ခွင့် အာဏာကို SAC ထံ ပေးအပ်ထားခြင်း စိုးစဉ်းမျှမရှိပေ။

## ထိရောက်စွာ ထိန်းချုပ်နိုင်မှု

**SAC သည် နိုင်ငံတကာက သတ်မှတ်လက်ခံထားသည့် “ထိရောက်စွာ ထိန်းချုပ်နိုင်မှု” ဆိုင်ရာ ဖော်ပြပါစံနှုန်းများကို ပြည့်မီနိုင်ခြင်း မရှိပါ -**

၁ မြန်မာနိုင်ငံ၏ နယ်မြေအများစုကို ထိန်းချုပ်နိုင်ခြင်း

၂ ပြည်သူလူထုလိုက်နာမှုရှိခြင်း

၃ ရေရှည်တည်မြဲနိုင်ရန် ကျိုးကြောင်းခိုင်လုံသည့် အလားအလာရှိခြင်း

၄ နိုင်ငံတကာဥပဒေအရ ပြဋ္ဌာန်းထားသည့် ဝတ္တရားများကို လိုက်နာရန် ဆန္ဒရှိခြင်း

**SAC သည် မြန်မာနိုင်ငံ၏ နယ်မြေအားလုံး သို့မဟုတ် နယ်မြေအများစုကို ထိန်းချုပ်နိုင်ခြင်း မရှိပေ။** NUG ၏ ကွပ်ကဲမှုအောက်တွင် လှုပ်ရှားဆောင်ရွက်လျက်ရှိသည့် အဖွဲ့အများအပြားပါဝင်သော PDF များ နှင့် ERO များသည် မြန်မာစစ်တပ်ကို ထိရောက်စွာ ဆန့်ကျင်တိုက်ခိုက်လျက်ရှိပြီး ၎င်းတို့၏ ထိန်းချုပ်နိုင်မှုကို ချဲ့ထွင်လျက်ရှိသည်။

**SAC သည် ပြည်သူလူထုလိုက်နာမှုရှိစေရန် ပြောဆိုဆောင်ရွက်နိုင်စွမ်းမရှိပေ။** ၎င်း၏ အုပ်ချုပ်ရန် ကြိုးပမ်းမှုကို ဆန့်ကျင်ရေးအတွက် နေရာအနှံ့၌ ဖြစ်ပွားပေါ်ပေါက်လျက်ရှိသော လက်နက်ကိုင် တော်လှန်မှု၊ ဆန္ဒဖော်ထုတ်မှုများ၊ ဆန္ဒပြမှုများနှင့် သပိတ်မှောက်မှုများက သက်သေထူလျက်ရှိသည်။

**SAC သည် ရေရှည်တည်တံ့နိုင်မှုနှင့် တည်မြဲနိုင်စွမ်း ရှိနိုင်မည်မဟုတ်ပေ။** အကြောင်းအရင်းမှာမူ နေရာအနှံ့၌ ဖြစ်ပွားပေါ်ပေါက်လျက်ရှိသော ပဋိပက္ခများနှင့် နိုင်ငံအား စီမံအုပ်ချုပ်နိုင်စွမ်း မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

**နောက်ဆုံးအနေဖြင့် SAC သည် နိုင်ငံတကာတွင် ပြဋ္ဌာန်းသတ်မှတ်သည့် ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် ထင်ရှားသိသာစွာ ပျက်ကွက်လျက်ရှိသည်။**

Created: 27 January 2023 Sources: souced cited in A/HRC/52/CRP.2 Contact: ohchr-sr-myanmar@un.org


# ထိရောက်စွာ ထိန်းချုပ်နိုင်မှု

## အာဏာသိမ်းမှု မတိုင်မီ ERO ခြေကုပ်ယူမှု





**အာဏာသိမ်းမှု မတိုင်မီက ဗဟိုအစိုးရသည် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်များ၏ ၆၀ ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်မှုရှိခဲ့သည်ဟု သတ်မှတ်နိုင်သည်။ ERO များသည် အာဏာသိမ်းမှု မတိုင်မီက မြို့နယ်ပေါင်း ၁၂၂ ခု၊ သို့မဟုတ် နိုင်ငံ၏ ၃၇ ရာခိုင်နှုန်းတွင်သာ ခြေကုပ်ယူနိုင်ခဲ့ကြောင်း မြေပုံတွင် ဖော်ပြထားသည်။**[1]

## အာဏာသိမ်းမှု အလွန် ERO ခြေကုပ်ယူမှု





**အာဏာသိမ်းမှု အလွန်တွင် ERO များသည် အနည်းဆုံး ၁၄၅ မြို့နယ်တွင် ခြေကုပ်ယူကာ လှုပ်ရှားဆောင်ရွက်လျက် ရှိသည်။**

## လက်နက်ကိုင်တော်လှန်ရေး ပဋိပက္ခ နယ်မြေများ (ဇူလိုင်မှ ဒီဇင်ဘာ၊ ၂၀၂၂)




**၂၀၂၂ ခုနှစ် ဇူလိုင် ၁ မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ အထိ (ရက်သတ္တပတ် ၂၅ ပတ်) အတွင်း မြို့နယ်ပေါင်း ၂၀၇ ခု တွင် (ဤအရေအတွက်သည် မြို့နယ်စုစုပေါင်း၏ ၆၃ ရာခိုင်နှုန်း ဖြစ်သည်) တော်လှန်ရေးလှုပ်ရှားဆောင်ရွက်သူများ ချိတ်ဆက်ပါဝင်သည့် အကြမ်းဖက်ဖြစ်စဉ် အနည်းဆုံးတစ်ခုစီပေါ်ပေါက်ခဲ့သည်။ ERO များ လက်ရှိအချိန်တွင် ခြေကုပ်ယူထားသည့် မြို့နယ်များနှင့် ဤမြို့နယ်များကို ပေါင်းတွက်ပါက စုစုပေါင်း မြို့နယ် ၂၅၇ ခု (၇၈ ရာခိုင်နှုန်း) တွင် လက်ရှိအချိန်၌ အနည်းဆုံးအနေဖြင့် အုပ်ချုပ်နိုင်ရန် အားပြိုင်ရသည့် အခြေအနေသို့ ကျရောက်နေသည်။**[2]

## လက်နက်ကိုင်ပဋိပက္ခ ဖြစ်စဉ်များ (ဖေဖော်ဝါရီ ၂၀၂၁ မှ ဒီဇင်ဘာ ၂၀၂၂)




**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အာဏာသိမ်းမှုမှ အစပြု၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့ အထိအတွင်း SAC တပ်ဖွဲ့များ၊ SAC ဆန့်ကျင်ရေး တပ်ဖွဲ့များ၊ ERO များနှင့် အခြား အမည်မဖော်သည့် အစုအဖွဲ့များအကြား တိုက်ခိုက်မှုများနှင့် လက်နက်ကိုင် တိုက်ပွဲများ ခန့်မှန်းခြေအားဖြင့် အကြိမ် ၁၀,၀၀၀ ခန့် ဖြစ်ပွားခဲ့ပြီး ဖြစ်သည်။**[3]

## ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် အတုအယောင် ရွေးကောက်ပွဲ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနှင့် ဒီမိုကရေစီနည်းကျ တရားဝင်မှုနှင့် နိုင်ငံအား ထိရောက်စွာ ထိန်းချုပ်နိုင်ခြင်း မရှိသော SAC သည် "ရွေးကောက်ပွဲ" ဟု အမည်တပ်သတ်မှတ်ကာ စီစဉ်ကျင်းပခြင်းဖြင့် တရားဝင်မှုကို ရယူရန် ၂၀၂၃ ခုနှစ်တွင် ကြိုးပမ်းမည်ဖြစ်သည်။ **အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဏာသိမ်းစစ်အုပ်စုက ကျင်းပမည့် ရွေးကောက်ပွဲကိုတရားဝင်ရွေးကောက်ပွဲအဖြစ်ပုံဖမ်းသွားစေနိုင်မည့် အခွင့်အလမ်းကိုသိလျက်နှင့် ဖြစ်စေ ဆန္ဒမပါဘဲ ချွတ်ချော်၍ဖြစ်စေ ပေးအပ်ခြင်းကိုရှောင်ကြဉ်ရန် အထူးကိုယ်စားလှယ်ကအလေးအနက် တိုက်တွန်းပါသည်။**

ရွေးကောက်ပွဲအတွက် နှုတ်အားဖြင့်ဖြစ်စေ လက်တွေ့ဆောင်ရွက်မှုအားဖြင့်ဖြစ်စေ ထောက်ပံ့ပေးရန် ကမ်းလှမ်းခြင်းသည် နိုင်ငံအပေါ် ဘေးဒုက္ခကျရောက်စေသည့် မတည်ငြိမ်မှုနှင့် အခွင့်အရေး ချိုးဖောက်မှုများအား သက်ဆိုးရှည်တည်တံ့စေသည့် အကျိုးဆက်ကို ပေါ်ပေါက်စေမည် ဖြစ်ပါသည်။ **နိုင်ငံတကာ အသိုက်အဝန်းသည် မြန်မာပြည်သူလူထုနှင့် အတူတကွရပ်တည်၍ အာဏာသိမ်းစစ်အုပ်စု၏ အတုအယောင် ရွေးကောက်ပွဲကို ဆန့်ကျင်ငြင်းပယ်ရန် မပျက်မကွက် ဆောင်ရွက်ရပါမည်။**

## SAC ၏ စီမံအုပ်ချုပ်နိုင်စွမ်း မရှိခြင်း

SAC သည် နေရာအနှံ့တွင် ဖြစ်ပွားပေါ်ပေါက်လျက်ရှိသည့် ပဋိပက္ခနှင့် ဆန့်ကျင်တော်လှန်မှုများကို ရင်ဆိုင်နေရပြီး မြန်မာနိုင်ငံကို ထိရောက်စွာ စီမံအုပ်ချုပ်နိုင်စွမ်း မရှိကြောင်း ကိုယ်တိုင်ကိုယ်ကျ သက်သေထူလျက်ရှိကာ ဤအခြေအနေသည် ၎င်းအနေဖြင့် ထိန်းချုပ်နိုင်မှုနှင့် ရေရှည်တည်တံ့နိုင်မှု မရှိခြင်းကိုလည်း ညွှန်းဆိုဖော်ပြလျက် ရှိပါသည်။

**၄.၀ သန်း** ကျော် — ကျောင်းနေအရွယ် ကလေးငယ်များ (မြန်မာနိုင်ငံရှိ ထိုအရွယ်ဦးရေ စုစုပေါင်း၏ ထက်ဝက်) သည် ပညာသင်နှစ် ၂ နှစ် အပြည့်အဝကုန်လွန်သည်အထိ **ကျောင်းပညာရေးကို ရယူနိုင်ခြင်း မရှိခဲ့ပေ**

**၁.၁ သန်း** ခန့် — လူဦးရေသည် အာဏာသိမ်းမှု ဖြစ်ပွားသည့်အချိန်မှ အစပြု၍ **နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသည်**

**ထက်ဝက်** ခန့် — မြန်မာနိုင်ငံ လူဦးရေသည် **လက်ရှိအချိန်တွင် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်သို့ ကျရောက်လျက်ရှိပြီး** ဤသို့ ဆင်းရဲနွမ်းပါးမှုနှုန်းကို မြန်မာနိုင်ငံတွင် မကြုံတွေ့ရသည်မှာ ၁၅ နှစ်ကာလ ကြာမြင့်ခဲ့ပြီး ဖြစ်သည်

**၁၇.၆ သန်း** ခန့် — လူဦးရေသည် **၂၀၂၃ ခုနှစ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ကို လိုအပ်လာမည်ဟု ခန့်မှန်းထားပြီး** ဤဦးရေသုံးပုံ တစ်ပုံသည် ကလေးငယ်များဖြစ်သည်။

အာဏာသိမ်းမှု မတိုင်မီ ရှိခဲ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ လိုအပ်သူဦးရေပေါင်း ၁ သန်း မှ အလွန်အမင်း မြင့်တက်လာခြင်းဖြစ်သည်။

အရှေ့အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံကြီးများ အားလုံးအနက် ကမ္ဘာ့ကပ်ရောဂါမတိုင်မီ ရှိခဲ့သည့် GDP အဆင့်များကို ၂၀၂၃ ခုနှစ်၌ ပြန်လည်မရရှိသူမှာ မြန်မာနိုင်ငံ တစ်ဦးတည်းသာလျှင် ဖြစ်နိုင်သည်။

## အမျိုးသားညီညွတ်ရေးအစိုးရ

**ဒီမိုကရေစီနည်းကျ တရားဝင်မှု** - NUG သည် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ဆန္ဒပြုဖော်ပြခဲ့သည့် ပြည်သူလူထု၏ မဲဆန္ဒကို ကိုယ်စားပြုသည်။ NLD သည် လွှတ်တော်အတွင်းရှိ အမတ်ရာထူး ၄၉၈ နေရာအတွက် ယှဉ်ပြိုင်ရာတွင် ၃၉၆ နေရာ အနိုင်ရရှိခဲ့သည်။ ရွေးကောက်ခံ လွှတ်တော်အမတ်များ အားလုံး၏ ၈၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် ဥပဒေရေးဆွဲချမှတ်သူများနှင့် ဖွဲ့စည်းထားသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီသည် အသစ်ဖွဲ့စည်းပေါ်ပေါက်လာသည့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီနှင့် ဆွေးနွေးတိုင်ပင်ကာ အမျိုးသားညီညွတ်ရေးအစိုးရကို ဖွဲ့စည်းထူထောင်ခဲ့သည်။


**မြန်မာပြည်သူလူထု၏ တရားဝင်ကိုယ်စားလှယ်အဖြစ် အခိုင်အမာရပ်တည်ဖော်ပြနိုင်ခြင်း** - အမျိုးသားညီညွတ်ရေးအစိုးရသည် "ပြည်သူလူထု၏ တရားဝင်ကိုယ်စားလှယ်" အဖြစ် အခိုင်အမာ ရပ်တည်ဖော်ပြနိုင်ပြီး ဤသို့သတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားမှုပြုသည့် အချက်လေးချက်မှာ -

1. တရားဝင်မှု ဆုံးရှုံးသွားသည့် အစိုးရတစ်ရပ်နေရာတွင် အစားထိုးဝင်ရောက်ရန် ကြိုးပမ်းခြင်း၊
2. ကိုယ်စားပြုမှု ရှိခြင်း၊
3. ကျယ်ပြန့်စွာ ခြုံငုံပါဝင်မှုရှိခြင်းနှင့်
4. ရေရှည်တည်တံ့မြဲမြံနိုင်ခြင်း တို့ ဖြစ်ပါသည်။

## ပြည်သူလူထုက လိုက်နာရန် ငြင်းဆိုခြင်း

**မြန်မာပြည်သူလူထုသည် SAC ၏ အုပ်ချုပ်မှုကို လက်ခံရန် ငြင်းဆိုကြောင်း ဖော်ပြရန်အတွက် လက်နက်ကိုင် ပဋိပက္ခသာမက ဆန္ဒဖော်ထုတ်မှုများ၊ လုပ်သားသပိတ်များ၊ ရေဖိုးမီးဖိုးနှင့် အခွန်အခများ ပေးဆောင်ရန် ငြင်းဆိုခြင်းနှင့် စစ်တပ်ထုတ်ကုန်များကို သပိတ်မှောက်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။** ဆန္ဒဖော်ထုတ်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများသည် အမြောက်အများ ဆက်လက်ဖြစ်ပွားလျက်ရှိသည် (ဂရပ်ပုံကို ကြည့်ပါ)။ SAC ၏ အသက်ဆုံးရှုံးစေသည်အထိ နှိမ်နင်းဖြိုခွဲမှုများကြောင့် ထင်ရှားမြင်သာသော ဆန္ဒဖော်ထုတ်မှုများသည် အမြင့်မားဆုံး ပေါ်ပေါက်ခဲ့သည့်ကာလနှင့် နှိုင်းယှဉ်ပါက လျော့ကျသွားသော်လည်း ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး စစ်တပ်ကို လက်နက်ကိုင်တိုက်ခိုက်မှုများဖြင့် အတိုက်အခံပြု၍ ဆန့်ကျင်သူများ ပိုမိုများပြားလာကြောင်း တွေ့ရှိရသည်။

**လက်နက်ကိုင်ပဋိပက္ခနှင့် ဆန္ဒဖော်ထုတ်မှု ဖြစ်စဉ်များ**




## နိုင်ငံတကာ အသိုက်အဝန်း၏ တုံ့ပြန်မှုသဘောထား

**ယေဘုယျအားဖြင့် ဆန့်ကျင်ငြင်းဆိုခြင်း** - SAC သည် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရဖြစ်ကြောင်း ဖော်ပြချက်ကို လက်ခံရန် နိုင်ငံတကာ အသိုက်အဝန်း တစ်ရပ်လုံးအနေဖြင့် ငြင်းဆိုခဲ့ပြီးဖြစ်သည်။ ကုလသမဂ္ဂ ကိုယ်စားပြုစိစစ်ရေး ကော်မတီ (UN Credentials Committee) သည် အထွေထွေညီလာခံတွင် အာဏာသိမ်းစစ်အုပ်စုက မြန်မာနိုင်ငံ ကိုယ်စားလှယ်စေလွှတ်ခြင်း မပြုနိုင်စေရန် တားမြစ်ပိတ်ပင်ခဲ့သည်။[4] ကုလသမဂ္ဂ အထွေထွေညီလာခံက **"၂၀၂၀ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲမှ တစ်ဆင့် လွတ်လပ်စွာ ဖော်ပြခဲ့သည့် ပြည်သူလူထု၏ မဲဆန္ဒကို မြန်မာစစ်တပ်အနေဖြင့် လေးစားရန်"** (ဆုံးဖြတ်ချက်အမှတ် ၇၅/၂၈၇) တိုက်တွန်းခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သည် အရေးပါသည့် ASEAN အစည်းအဝေးများသို့ အာဏာသိမ်းစစ်အုပ်စု၏ ကိုယ်စားလှယ်များ တက်ရောက်ပါဝင်ခွင့်ကို ပိတ်ပင်ခဲ့ပြီး ASEAN ဥက္ကဋ္ဌသစ်အဖြစ် တာဝန်ယူထားသည့် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးက ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်နေ့တွင် **"ASEAN အနေဖြင့် မြန်မာနိုင်ငံ အာဏာသိမ်းစစ်အုပ်စု၏ အလိုကျ လိုက်လုပ်ရန်အကြောင်းမရှိ"** ဟု ဖော်ပြခဲ့သည်။[5]

**တရားဝင်မှုကို ငြင်းဆိုရန် ဆောင်ရွက်သည့် လုပ်ဆောင်ချက်များ** - ဒီမိုကရေစီနိုင်ငံ အများစုသည် SAC ကို မြန်မာနိုင်ငံ အစိုးရအဖြစ် အတိအလင်း အသိအမှတ်ပြုခြင်းဖြစ်စေ ထိုသို့သတ်မှတ်၍ ကူးလူးဆက်ဆံခြင်းဖြစ်စေ ဆောင်ရွက်ခြင်း မရှိပေ။ SAC ၏ တရားဝင်မှု မရှိခြင်းကို ဖော်ပြရန် သို့မဟုတ် အသိအမှတ်ပြုခြင်းကို ငြင်းဆိုရန် ဆောင်ရွက်ချက်များ လုပ်ဆောင်ခဲ့သည့် နိုင်ငံများတွင် **ဩစတြေးလျ**၊ **ကနေဒါ**၊ **ဥရောပသမဂ္ဂအဖွဲ့ဝင်** နှစ်ဆယ့်ခုနစ် နိုင်ငံ၊ **ဂျပန်**၊ **လစ်တန်စတိန်း**၊ **နယူးဇီလန်**၊ **နော်ဝေ**၊ **ကိုရီးယား ပြည်သူ့သမ္မတနိုင်ငံ**၊ **ဆွစ်ဇာလန်**၊ **ယူနိုက်တက် ကင်ဒမ်** နှင့် **အမေရိကန်ပြည်ထောင်စု** တို့ ပါဝင်သည်။

**တရားဝင်မှုရှိသည်ဟု သတ်မှတ်နိုင်စေရန် ဆောင်ရွက်သည့် လုပ်ဆောင်ချက်များ** - **ဘယ်လာရုစ်**၊ **တရုတ်**၊ **အိန္ဒိယ**၊ **ရုရှား**၊ **ဆော်ဒီအာရေဗျ** နှင့် **သီရိလင်္ကာ** တို့ အပါအဝင် အနည်းငယ်သော နိုင်ငံများသည် အသိအမှတ်ပြုရန်အတွက် အရေးပါသည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ပေးခြင်းဖြင့် အာဏာသိမ်းစစ်အုပ်စု၏ မြန်မာနိုင်ငံ အစိုးရအဖြစ် တာဝန်ယူဆောင်ရွက်ခြင်းကို သွယ်ဝိုက်သောနည်းဖြင့် ထောက်ခံကူညီခဲ့သည်။ ဤဆောင်ရွက်ချက်များတွင် SAC ခေါင်းဆောင်ပိုင်းနှင့် သံတမန်ဆက်ဆံရေးများ တည်ဆောက်ခြင်း၊ SAC နှင့် နှစ်ဦးနှစ်ဘက် စီးပွားရေးနှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးများ ပိုမိုခိုင်မာလာစေရန် ဆောင်ရွက်ခြင်း၊ နှင့် SAC ၏ အတုအယောင် ရွေးကောက်ပွဲ ကျင်းပရန် အစီအစဉ်များအတွက် အနည်းဆုံးအနေဖြင့် **ဘယ်လာရုစ်**နှင့် **အိန္ဒိယနိုင်ငံ**တို့က SAC နှင့် လူသိရှင်ကြား ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ ဤနိုင်ငံများအနက် မည်သည့်နိုင်ငံမျှ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ကူးလူးဆက်ဆံခြင်း ပြုခဲ့ကြောင်းကို လူသိရှင်ကြား ထုတ်ဖော်အသိပေးခြင်း မရှိပါ။ အခြား နိုင်ငံအချို့နှင့် အနည်းအကျဉ်းမျှ ကူးလူးဆက်ဆံမှုကို SAC က ၎င်းသည် တရားဝင်မှုရှိကြောင်း ဖော်ပြရန်အတွက် ကြိုးပမ်းရာ၌ အသုံးပြုခဲ့သည်။ ဤနိုင်ငံများတွင် **ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ ကိုရီးယား ပြည်သူ့သမ္မတနိုင်ငံ နှင့် တောင်အာဖရိက** တို့ ပါဝင်သည်။

ASEAN: SAC အတွက် ASEAN မူဝါဒနှင့်စပ်လျဉ်း၍ ASEAN အဖွဲ့ဝင်နိုင်ငံများသည် သဘောထားရပ်တည်မှုများ ကွဲပြားဟန် ရှိသည်။ **ဘရူနိုင်းဒါရူစလမ်**၊ **အင်ဒိုနီးရှား**၊ **မလေးရှား**၊ **ဖိလစ်ပိုင်** နှင့် **စင်္ကာပူနိုင်ငံ**တို့သည် SAC နှင့် သံတမန်ရေးရာ ကူးလူးဆက်ဆံမှုကို လျှော့ချခဲ့ပြီး ၎င်း၏ တရားဝင်မှု ရှိကြောင်း ဖော်ပြချက်ကို ငြင်းဆိုခဲ့သည်။ ဤ အဖွဲ့ဝင်နိုင်ငံများအနက် အချို့သည် အမျိုးသားညီညွတ်ရေးအစိုးရနှင့်လည်း ကူးလူးဆက်ဆံမှု ဆောင်ရွက်ခဲ့သည်။ **ကမ္ဘောဒီးယား**၊ **လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ**၊ **ထိုင်း** နှင့် **ဗီယက်နမ်**တို့သည် SAC ကို မြန်မာနိုင်ငံ အစိုးရအလား သဘောထားသတ်မှတ်၍ ကူးလူးဆက်ဆံခြင်း ပြုခဲ့သည်။ သို့ရာတွင် SAC နှင့် ကူးလူးဆက်ဆံခြင်း ပြုခဲ့သည့် အစိုးရများအနက်မှ အချို့ကပင် အာဏာသိမ်းစစ်အုပ်စုသည် တရားဝင်မှုမရှိ ဟူသည့် ထင်ရှားမြင်သာသည့် အမှန်တရားကို အသိအမှတ်ပြုခဲ့သည်။ ဥပမာဆိုရသော် **ဗီယက်နမ်**က **"နှစ်ဦးနှစ်ဘက် သဘောတူ သို့မဟုတ် ASEAN မူဘောင်များအရ မြန်မာနိုင်ငံနှင့် ဆက်ဆံခြင်း၊ ကူးလူးလုပ်ဆောင်ခြင်း နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို စစ်အစိုးရ သို့မဟုတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအား အသိအမှတ်ပြုခြင်းအဖြစ် အနက်ဖွင့်ခြင်း သို့မဟုတ် သတ်မှတ်ခြင်း မပြုသင့်ပေ"** ဟု ဖော်ပြခဲ့သည်။ **ကမ္ဘောဒီးယား**ကလည်း **"ထိုသို့ ကူးလူးဆက်ဆံမှုများကို ၎င်းတို့အား တရားဝင်မှုပေးခြင်းဟု သတ်မှတ်ခြင်းသည် အလွန်အမင်း မှားယွင်းနေသည့် အချက်ဖြစ်သည်"** ဟူ၍ ဖော်ပြခဲ့သည်။

# အကြံပြုချက်များ

## ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ အားလုံး -

SAC နှင့် သံတမန်ဆက်ဆံရေးများ အားလုံးကို ဖြတ်တောက်ပါ။ ၎င်းအနေဖြင့် တရားဝင်မှုရှိကြောင်း ဝါဒဖြန့်ခြင်းကို အခွင့်အရေးရှိသည့် အခြေအနေတိုင်းတွင် တားမြစ်ပိတ်ပင်ပါ။

SAC အပေါ် စီးပွားရေးဆိုင်ရာ ပြစ်ဒဏ်ခတ်ပိတ်ဆို့မှုများနှင့် လက်နက်တင်ပို့ရောင်းချမှု တားမြစ်ချက်ကို ယခုထက် ပိုမိုခိုင်မာထိရောက်စေရန်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းပြုရန်အတွက် မဟာဗျူဟာကျ နည်းလမ်းတစ်ရပ်ကို အစပြုဆောင်ရွက်ပါ။ MOGE ကို ပြစ်ဒဏ်ခတ်ပိတ်ဆို့ခြင်း၊ လေယာဉ်လောင်စာဆီ တင်ပို့မှုကို တားမြစ်ပိတ်ဆို့ခြင်း နှင့် မြန်မာနိုင်ငံခြားကုန်သွယ်ရေးဘဏ် အပါအဝင် SAC က ထိန်းချုပ်သည့် အဓိက ဘဏ္ဍာရေးလမ်းကြောင်းများအား တားမြစ်ပိတ်ဆို့ခြင်းကို ဦးစားပေးဆောင်ရွက်ပါ။

အတုအယောင်ရွေးကောက်ပွဲ ကျင်းပရန် SAC ၏ ကြိုးပမ်းအားထုတ်မှုကို ဆန့်ကျင်ငြင်းဆို၍ SAC အနေဖြင့် ယုံကြည်လက်ခံဖွယ် အကြောင်းခိုင်လုံသည့် ရွေးကောက်ပွဲအား ကျင်းပရန် လုပ်ပိုင်ခွင့်မရှိကြောင်း လူသိရှင်ကြား ထောက်ပြကာ SAC နှင့် ကူးလူးဆက်ဆံရန် သို့မဟုတ် ထောက်ခံကြောင်း ဖော်ပြရန် ငြင်းဆိုပါ။

အမျိုးသားညီညွတ်ရေးအစိုးရနှင့် ကူးလူးဆက်ဆံမှုကို ပိုမိုမြှင့်တင်ဆောင်ရွက်ပါ။ ၎င်းကို မြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ်အစိုးရအဖြစ် အသိအမှတ်ပြုကာ ၎င်း၏ ရေရှည်တည်တံ့မြဲမြံနိုင်မှုအတွက် အထောက်အကူ ဖြစ်စေရန်အလို့ငှာ NUG နှင့် ERO များအကြား ယုံကြည်မှုမြှင့်တင်တည်ဆောက်ခြင်းအတွက် နည်းပညာဆိုင်ရာ အထောက်အကူ အပါအဝင် သင့်လျော်သော အထောက်အပံ့များ စီစဉ်ပေးအပ်ခြင်းကို စတင်ဆောင်ရွက်ပါ။

ဒီမိုကရေစီအရေးလှုပ်ရှားမှုကို ထောက်ပံ့ကူညီနေသည့် ERO များနှင့် တိုက်ရိုက် ချိတ်ဆက်ဆောင်ရွက်ကာ ၎င်းတို့အတွက် နည်းပညာဆိုင်ရာ အထောက်အကူနှင့် အရင်းအမြစ်များ စီစဉ်ပေးအပ်ပါ။

SAC အတွက် ဘဏ္ဍာရေး သို့မဟုတ် ပစ္စည်းပစ္စယ အထောက်အပံ့များ ပေးအပ်ရန် ငြင်းဆိုပါ။

## ASEAN အဖွဲ့ဝင်နိုင်ငံများ -

SAC နှင့် ဆက်ဆံပတ်သက်မှုများကို လူသိရှင်ကြား ဖြတ်တောက်၍ ၎င်း၏ လုပ်ဆောင်ချက်များကို ရှုတ်ချပါ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အဆုံးသတ်ရန်၊ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန် နှင့် ပြည်သူလူထု၏ ဆန္ဒကို ထင်ဟပ်မှုရှိသော တရားဝင် အစိုးရတစ်ရပ် ဖွဲ့စည်းချမှတ်မှုကို ခွင့်ပြုရန် SAC ကို တိုက်တွန်းပါ။

မိမိတို့၏ တရားစီရင်ပိုင်ခွင့်အတွင်း နိုင်ငံတကာ၏ ပြစ်ဒဏ်ခတ်ပိတ်ဆို့မှုများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ထောက်ပံ့ကူညီကာ SAC ဘဏ္ဍာရေးဆိုင်ရာ နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုများတွင် ပူးပေါင်းဆောင်ရွက်ပါ။

အမျိုးသားညီညွတ်ရေးအစိုးရနှင့် ကူးလူးဆက်ဆံမှုကို ပိုမိုမြှင့်တင်ဆောင်ရွက်ပါ။ ဒေသတွင်း အစည်းအဝေးများသို့ NUG ကို ဖိတ်ခေါ်တက်ရောက်စေပြီး ပိုမိုကြီးမားလာသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပြဿနာဘေးကို ကိုင်တွယ်ဖြေရှင်းခြင်း အပါအဝင် အရေးပါသော စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ၎င်း၏ တစ်မူထူးခြား၍ တန်ဖိုးမြင့်မားသော ရှုမြင်ချက်နှင့် ကျွမ်းကျင်မှုများကိုရယူ အသုံးချကာ ၎င်းကို မြန်မာနိုင်ငံ၏ တရားဝင် ကိုယ်စားလှယ်အစိုးရအဖြစ် အသိအမှတ်ပြုကာ ၎င်း၏ ရေရှည်တည်တံ့မြဲမြံနိုင်မှုအတွက် သင့်လျော်သော အထောက်အပံ့များ စီစဉ်ပေးအပ်ခြင်းကို စတင်ဆောင်ရွက်ပါ။ ဤအထောက်အပံ့များတွင် NUG နှင့် ERO များအကြား ယုံကြည်မှုမြှင့်တင်တည်ဆောက်ခြင်းအတွက် နည်းပညာဆိုင်ရာ အထောက်အကူလည်း ပါဝင်ပါသည်။

ERO များနှင့် တိုက်ရိုက် ချိတ်ဆက်ဆောင်ရွက်ကာ ၎င်းတို့အတွက် နည်းပညာဆိုင်ရာ အထောက်အကူနှင့် အရင်းအမြစ်များ စီစဉ်ပေးအပ်ပါ။

**ရုရှား-ယူကရိန်း ပဋိပက္ခနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ဆောင်ရွက်ပြီးဖြစ်သော်လည်း မြန်မာနိုင်ငံ အရေးအခင်းအတွက် ဆောင်ရွက်ထားခြင်းမရှိသည့် ဩစတြေးလျ၊ ဂျပန်၊ နယူးဇီလန် နှင့် ကိုရီးယားပြည်သူ့သမ္မတနိုင်ငံတို့ အားလုံးအနေဖြင့် SAC နှင့် ၎င်း၏ အကျိုးစီးပွားများအပေါ် ပြစ်ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ရန်အတွက် ချက်ချင်းဆောင်ရွက်ပါ။**

## ဘယ်လာရုစ်၊ တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ဆော်ဒီအာရေဗျ နှင့် သီရိလင်္ကာ -

SAC ကို အသိအမှတ်ပြုခြင်း သို့မဟုတ် အခြားနည်းဟန်ဖြင့် တရားဝင်စေခြင်းအတွက် အရေးပါသည့် မူဝါဒများနှင့် ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်၍ ပြောင်းလဲပြင်ဆင်ပါ။

မြန်မာနိုင်ငံနှင့် ကုန်းမြေ သို့မဟုတ် ရေကြောင်း နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများအနေဖြင့် SAC က ထိန်းချုပ်ထားသည့် ပိုင်နက်နယ်မြေနှင့် သက်ဆိုင်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက် သီးသန့်သာ ကူးလူးဆက်ဆံခြင်းပြုရန် ကန့်သတ်ချမှတ်ကာ ထိုသို့ဆောင်ရွက်ပါ။

မြန်မာစစ်တပ်အတွက် ဘဏ္ဍာရေး သို့မဟုတ် ပစ္စည်းပစ္စယ အထောက်အပံ့ ပေးအပ်ခြင်း မပြုပါနှင့်။

## အမျိုးသားညီညွတ်ရေးအစိုးရ -

မြန်မာပြည်သူလူထု၏ တရားဝင် ကိုယ်စားလှယ်အစိုးရဖြစ်ကြောင်းကို တတ်နိုင်သမျှ အမြင့်မားဆုံး အတိုင်းအတာအထိ ဖော်ပြနိုင်ရန်အလို့ငှာ ထောက်ခံအားပေးသူ အရေအတွက်ကို ဆက်လက်၍ တိုးမြှင့်ချဲ့ထွင်ပါ။

ရိုဟင်ဂျာ အပါအဝင် အခြားသော တိုင်းရင်းသားလူနည်းစုများကို အစိုးရအတွင်း ဩဇာလွှမ်းမိုးမှုနှင့် လုပ်ပိုင်ခွင့်ရှိသော အဓိပ္ပါယ်လေးနက်ပြည့်ဝသည့် အနေအထားသို့ ရောက်ရှိစေရန် မြှင့်တင်ဆောင်ရွက်ပါ။

ငြိမ်းချမ်း၍ ဒီမိုကရေစီ နည်းကျသော အနာဂတ် မြန်မာနိုင်ငံအတွက် နိုင်ငံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မူဘောင်နှင့်စပ်လျဉ်း၍ ERO များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်း နှင့် အခြားသော အကျိုးသက်ဆိုင်သူများနှင့် ဆွေးနွေးတိုင်ပင်မှုများကို တိုးမြှင့်ဆောင်ရွက်ကာ ညှိနှိုင်းဆွေးနွေးမှုများ စတင်ဆောင်ရွက်ပါ။

## ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ အထွေထွေညီလာခံ၊ နှင့် လူ့အခွင့်အရေးကောင်စီ -

SAC ၏ "ရွေးကောက်ပွဲ" အမည်တပ်သတ်မှတ်ကာ ဆောင်ရွက်မှုကို တရားဝင်မှု မရှိကြောင်း ဖော်ပြ၍ ငြင်းဆိုပါ။

SAC ကို မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုထားခြင်း မရှိကြောင်း အတည်ပြုဖော်ပြပါ။

အဖွဲ့ဝင်နိုင်ငံများအား NUG နှင့် ကူးလူးဆက်ဆံကာ အသိအမှတ်ပြုရန် တိုက်တွန်းခြင်း အပါအဝင် အမျိုးသားညီညွတ်ရေးအစိုးရအတွက် ထောက်ခံအားပေးမှုကို ဖော်ပြပါ။

## ကုလသမဂ္ဂ အဖွဲ့အစည်းများ -

အဖွဲ့ဝင်နိုင်ငံများအား စည်းဝေးပွဲများသို့ ဖိတ်ခေါ်ခြင်းမပြုမီ SACကိုယ်စားလှယ်များပါဝင်နိုင်မှုမရှိစေရန်အတွက်အပြည့်အဝ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ပါ။ ဥပဒေရေးရာ ကုလသမဂ္ဂရုံး - မည်သည့် ကုလသမဂ္ဂ စည်းဝေးပွဲ သို့မဟုတ် အစည်းအဝေးမဆိုထံသို့ SAC ကို ဖိတ်ခေါ်ခြင်းမပြုသင့်ကြောင်း ကုလသမဂ္ဂ ရန်ပုံငွေအဖွဲ့များ၊ အဖွဲ့အစည်းများ၊ စီမံကိန်းများ၊ နှင့် ဆက်စပ်အဖွဲ့အစည်းများ အားလုံးထံသို့ ညွှန်ကြားချက်ပေးပါ။

## ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့် အထောက်အကူပေးရေး အဖွဲ့အစည်းများ -

၂၀၂၃ ခုနှစ်တွင် ကျင်းပရန် စီစဉ်ထားသည့် SAC ၏ ရွေးကောက်ပွဲကို ထောက်ခံမှုမရှိကြောင်း အတိအလင်း ကြေညာ၍ ငြင်းဆန်ပြီး ယခုကြုံတွေ့နေရသည့် တစ်ဘက်စောင်းနင်း အခြေအနေတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပရန် မဖြစ်နိုင်ကြောင်း လူသိရှင်ကြား ဖော်ပြကာ ရွေးကောက်ပွဲကို မည်သည့်နည်းဟန်ဖြင့်မျှ ထောက်ခံခြင်းမပြုရန် ဆက်လက်ဆောင်ရွက်ပါ။

## အလှူရှင်များ -

ထောက်ပံ့မှုကို လက်ခံရယူသူများနှင့် ဆက်ဆံရာတွင် လိုက်လျောညီထွေပြောင်းလဲပေးမှုကို ကျင့်သုံးပါ၊ အထူးသဖြင့် မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် NGO များအနေဖြင့် ဘဏ္ဍာရန်ပုံငွေနှင့် အထောက်အပံ့ကို ရယူလက်ခံနိုင်ရန်အတွက် SAC ထံတွင် မှတ်ပုံတင်ထားမှုရှိရန် သတ်မှတ်လိုအပ်ချက်ကို ပယ်ဖျက်ပါ။

၁။ မြေပုံများအတွက် အချက်အလက်များကို အထူးကိုယ်စားလှယ်နှင့် ပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် တစ်သီးပုဂ္ဂလ ဆန်းစစ်သူများသည် တိုင်းရင်းသားအဖွဲ့အစည်းများကထုတ်ဝေသည့် မြေပုံများနှင့် ထုတ်ပြန်ချက်များ ပါဝင်သော မူလရင်းမြစ်အချက်အလက်များ၊ ပညာရပ်ဆိုင်ရာနှင့် တွေးခေါ် ပိုင်းခြားမှု အစီရင်ခံစာများ ပါဝင်သော ဒုတိယဆင့်ပွားရင်းမြစ်အချက်အလက်များနှင့် ပဋိပက္ခ မှတ်တမ်းမှတ်ရာ ဆန်းစစ်လေ့လာချက်များအား ပေါင်းစည်းတွက်ချက်အသုံးပြုကာ ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။ ၎င်းတို့သည် ၂၀၁၄ ခုနှစ်မှ စတင်၍ လူမှုမီဒီယာ၊ သတင်းအစီရင်ခံချက်များ နှင့် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ထိုင်းဘာသာ နှင့် တရုတ် (မန်ဒရင်) ဘာသာအပြင် ဂျိန်းဖော၊ ရှမ်း၊ စကောကရင်၊ ပိုးကရင်၊ ကရင်နီ၊ ကယန်း၊ ရခိုင်၊ ချင်း၊ အခါ၊ လားဟူ၊ လီဆူး၊ ဝ၊ တအာင်း နှင့် ဟင်ဒီ အပါအဝင် မြန်မာနိုင်ငံအတွင်း၌ ပြောဆိုအသုံးပြုလျက်ရှိသည့် အဓိက တိုင်းရင်းသားဘာသာစကားများဖြင့် ဖော်ပြထားသည့် အခြားသော အွန်လိုင်းရင်းမြစ်များတွင် ဖော်ပြပါဝင်သည့် လူသိရှင်ကြား ထုတ်ပြန်အသိပေးသော ပဋိပက္ခ ဖြစ်စဉ်များကို မှတ်တမ်းတင်ခဲ့သည်။ သုတေသီများအနေဖြင့် လက်ခံရရှိသည့် ပဋိပက္ခ ဖြစ်စဉ် အစီရင်ခံချက်များကို မြေပြင်ရင်းမြစ်များနှင့် ဆက်သွယ်၍ အတည်ပြုလေ့ရှိသည်။ The Asia Foundation, The Contested Areas of Myanmar: Subnational Conflict, Aid, and Development, 16 Oct 2017, https://asiafoundation.org/wp-content/uploads/2017/10/ContestedAreasMyanmar-Report.pdf ကိုလည်း ကြည့်ပါ (မြန်မာနိုင်ငံအတွင်းရှိ ပဋိပက္ခနယ်မြေများအကြောင်း အသေးစိတ် လေ့လာထားသည့် လေ့လာချက် ဖြစ်ပြီး "မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၃၃၀ အနက် ၁၁၈ မြို့နယ်ခန့် [သို့မဟုတ် ၃၆ ရာခိုင်နှုန်း] သည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ပဋိပက္ခ နှင့် ဆက်စပ်ဖြစ်ပေါ်သော တင်းမာမှုများကြောင့် အတိုင်းအတာတစ်ခုအထိ ထိခိုက်ခံစားရကြောင်း" တွေ့ရှိခဲ့သည်)။

၂။ ဤအချက်သည် SAC အနေဖြင့် မြန်မာနိုင်ငံ၏ ၂၂ ရာခိုင်နှုန်းကိုသာလျှင် ထိန်းချုပ်နိုင်သည်ဟု ဆိုလိုရင်း မဟုတ်ပါ၊ SAC အနေဖြင့် စိန်ခေါ်တိုက်ခိုက်ခံနေရသည့် ပိုင်နက်အတိုင်းအတာကို ညွှန်းဆိုဖော်ပြခြင်းသာ ဖြစ်ပါသည်။

၃။ အထူးကိုယ်စားလှယ်နှင့် ပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဆန်းစစ်သူများက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အတွင်း လက်နက်ကိုင်တိုက်ပွဲပေါင်း ၉,၉၉၉ ခု ရှိကြောင်း အချက်အလက်စုဆောင်းနိုင်ခဲ့သည်။ အထူးအစီရင်ခံစာတင်သွင်းသူက The International Institute of Strategic Studies က စုဆောင်းတင်ပြကာ ဆန်းစစ်ထားသည့် ACLED မှ အချက်အလက်များကိုလည်း ထည့်သွင်း စဉ်းစားခဲ့ကာ ၎င်းအချက်အလက်များကို The Myanmar Conflict Map, https://myanmar.iiss.org/ တွင် ရယူကြည့်ရှုနိုင်သည်။ ဤစာကို ရေးသားချိန်တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်နေ့အထိ ACLED အချက်အလက်ကို IISS တွင် ရယူနိုင်ပြီး လက်နက်ကိုင်တိုက်ပွဲပေါင်း ၉,၈၃၃ ကြိမ် ဖြစ်ပွားခဲ့ကြောင်း ဖော်ပြထားသည်။

၄။ A/77/600, Report of the Credentials Committee, 12 Dec 2022.

၅။ Tempo, Indonesian Foreign Minister: Myanmar Junta to Not Dictate ASEAN, 29 Dec 2022, https://en.tempo.co/read/1673692/indonesian-foreign-minister-myanmar-junta-to-not-dictate-asean

*ဤမြေပုံများတွင် ဖော်ပြထားသည့် အမည်များနှင့် သတ်မှတ်ချက်များကို ကုလသမဂ္ဂအနေဖြင့် တရားဝင် အတည်ပြုထောက်ခံသည် သို့မဟုတ် လက်ခံသည်ဟု အနက်သက်ရောက်ခြင်း မရှိပါ။